သာစည်မြို့နယ်

ဝမ်းသာ ကျေးရွာအုပ်စု၊ ဒဟတ္တောကျေးရွာ

ဒဟတ္တောကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဒဟတ္တောကျေးရွာ၊ သာစည်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊ဩဂုတ်လ

မာတိကာ

မာတိကာ ၂

စကားချီး ၃

သာစည်မြို့နယ်၊ဝမ်းသာ ကျေးရွာအုပ်စု၊ဒဟတ္တော ကျေးရွာ၏**သယံဇာတပြမြေပုံ** ၄

သာစည်မြို့နယ်၊ဝမ်းသာ ကျေးရွာအုပ်စု၊ ဒဟတ္တော ကျေးရွာ၏**ရာသီခွင်ပြပြက္ခဒိန်** ၅

သာစည်မြို့နယ်၊ဝမ်းသာ ကျေးရွာအုပ်စု၊ ဒဟတ္တော ကျေးရွာ၏**ရွာတွင်း/ ပြင်ပ ချိတ်ဆက်မှုပြပုံ** ၆

၁။ ကျေးရွာ၏တည်နေရာ၊ပထဝီဝင်အနေအထား ၇

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၇

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ ၇

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး ၈

(ခ) မွေးမြူရေးလုပ်ငန်း ၁၀

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ ၁၀

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ ၁၁

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၁၁

(ခ) ကျေးရွာမီးလင်းရေး ၁၂

(ဂ) သတင်းနှင့်ဆက်သွယ်ရေး ၁၂

၆။ ပညာရေး ၁၂

၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၃

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၄

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ ၁၄

၁၀။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ ၁၅

စီမံချက်ဆိုင်ရာအချက်အလက်များ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၇
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ(၄၈) ဇယား ၁၈
- နောက်ဆက်တွဲ ၃ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား ၆၂

• နောက်ဆက်တွဲ၄ ဦးစားပေးစီမံချက်အဆိုပြုလွှာ ၆၆

စကားချီး

ဒဟတ္တော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် (၂၀၁၉-၂၀၂၃) (၅)နှစ်တာ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းစဉ်များနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (AVIP)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ကျေးရွာတွင်းလမ်းကွန်ကရစစ်ခင်းခြင်းလုပ်ငန်းအား ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာနှင့် လုပ်ငန်းစဉ်များစသည်တို့အား အဖက်ဖက်မှ ကူညီပံ့ပိုးပေးပါသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကိုလည်းကောင်း၊ လိုအပ်သော အကူအညီများ၊ အကြံဉာဏ်များကို ပါဝင်ပံ့ပိုးပေးပါသော ကျေးရွာအုပ်ချုပ်ရေးမှူးအားလည်းကောင်း အထူးပင် ကျေးဇူး တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်တော်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်းရေးဆွဲရေး အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော စီမံကိန်းကိုထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်မံဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်တော်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဒဟတ္ထော ကျေးရွာ၊သာစည်မြို့နယ်

၂. သာစည်မြို့နယ်၊ ဝမ်းသာ ကျေးရွာအုပ်စု၊ ဒဟတ္ထောဘ ကျေးရွာ၏သယံဇာတပြမြေပုံ



၃. သာစည်မြို့နယ်၊ ဝမ်းသာ ကျေးရွာအုပ်စု၊ ဒဟတ္တော ကျေးရွာ၏ရာသီခွင်ပြပြက္ခဒိန်



သာစည်မြို့နယ်၊ ဝမ်းသာ ကျေးရွာအုပ်စု၊ ဒဟတ္တောာ ကျေးရွာ၏ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ



၁။ ကျေးရွာ၏တည်နေရာ၊ပထဝီအနေအထား

ဒဟတ္ထောကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ဝမ်းသာကျေးရွာအုပ်စု တွင်ပါဝင်ပါသည်။ သာစည်မြို့၏ အနောက်မြောက်ဘက် (၁၂) မိုင်ခန့် အကွာ ရန်ကုန်-မန္တလေး လမ်းဟောင်း၏ အရှေ့ဘက် ကြိုပင်ကွေ့လမ်းခွမှ ဝမ်းသာကျေးရွာ၏ ချဉ်းကပ်လမ်း မှတဆင့် ဝမ်းသာကျေးရွာ၏ အရှေ့ဘက် ဝမ်းသာ-ဒဟတ္ထော ကျေးရွာချင်းဆက်လမ်းအတိုင်း လည်း ကောင်း၊ ရန်ကုန်-မန္တလေး လမ်းဟောင်း၏ အရှေ့ဘက် ဝမ်းတွင်းမြို့နယ်၊ လျှော်ပင်ကျေးရွာ မှတဆင့် လျှော်ပင်-ဒဟတ္ထောကျေးရွာ ကျေးရွာချင်းဆက်လမ်း (၂)မိုင်(၄)ဖာလုံအတိုင်းလည်းကောင်း ဒဟတ္ထော ကျေးရွာသို့ ရောက်ရှိပါသည်။ ဒဟတ္ထောကျေးရွာ၏ အရှေ့ဘက် (၁) မိုင် (၃) ဖာလုံခန့်တွင် ရန်ကုန်-မန္တလေး မီးရထားလမ်း၊ အနောက်ဘက်တွင် ဝမ်းတွင်းမြို့နယ်၊ လျှော်ပင်ကျေးရွာ၊ မြောက်ဘက် (၁) မိုင် (၂) ဖာလုံခန့်တွင် ဝမ်းတွင်းမြို့နယ်၊ နတ်ကန်နောက်ကျေးရွာနှင့် တောင်ဘက်တွင် ဝမ်းသာကျေးရွာနှင့် ဟံဇေးကျေးရွာတို့ တည်ရှိပါသည်။

ဒဟတ္ထောကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပါသည်။ ကျေးရွာ၏ မြေမျက်နှာ သွင်ပြင် အနေအထားမှာ မြေပြန့်ဟု ဆိုသော်လည်း ပဲခူးရိုးမအဆက် ဂဝံကုန်းရိုးတန်း၏ အရှေ့ဘက် တွင် တည်ရှိသဖြင့် အနောက်ဘက်မှ အရှေ့ဘက်သို့ အနည်းငယ် နိမ့်ဆင်းသွားပါသည်။ မိုးတွင်း ကာလတွင် ကျေးရွာအရှေ့ပိုင်းသို့ ရေစီးဝင်မှု များပါသည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ဒဟတ္ထောကျေးရွာသည် အပူပိုင်းမိုးနည်းရေရှားဒေသတွင် ပါဝင်ပါသည်။ မြေဆီလွှာ အရည်အသွေး အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာ၏ အနောက်ဘက် ဂဝံကုန်းရိုးတန်းပေါ်တွင် သာစည်မြို့နယ် သစ်တောဦးစီးဌာနမှ အပူပိုင်းစိမ်းစိုစီမံချက်ဖြင့် ဆောင်ရွက်ထားသော ယူကလစ် စိုက်ခင်းများ ရှိပါသည်။

ကျေးရွာနှင့် အနီးတဝိုက်တွင် ခါတ်သတ္တုသယံဇာတများ မထွက်ရှိပါ။ ကျေးရွာ၏ တောင်ဘက်တွင် ရေချောင်းရှိပြီး ကျောက်၊ သဲ၊ ကျောက်စရစ်များ ပေါများစွာ ထွက်ရှိပြီး လွယ်ကူစွာ အသုံးချနိုင်ပါသည်။ အရိပ်ရပင်များဖြစ်သော တမာ၊ မန်ကျည်း၊ ထနောင်းပင်များနှင့် ကန္တာရပင်များ ပေါက်ရောက်ပါသည်။ စာကလေး၊ ဆက်ရက်၊ ခို စသည့် ငှက်အမျိုးမျိုးအပြင် မြွေ၊ တောက်တဲ့နှင့် အခြား တိရစ္ဆာန်မျိုးစိတ် အနည်းငယ်ကို တွေ့ရပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ဒဟတ္ထောကျေးရွာတွင် အိမ်ခြေ (၁၉၄)အိမ်၊ အိမ်ထောင်စု (၁၉၄)စု၊လူဦးရေကျား (၄၃၇) ဦး နှင့်မ (၅၂၃) ဦးစုစုပေါင်း (၉၆၀) ဦးရှိပါသည်။ ကျေးရွာတွင်း တစ်အိမ်ထောင် ပျမ်းမျှလူဦးရေ အနေဖြင့် (၄.၉)ဦး တွေ့ရှိရပြီး မြန်မာနိုင်ငံတစ်အိမ်ထောင်ပျမ်းမျှလူဦးရေစံနှုန်း (၅)ဦး အောက် အနည်းငယ်မျှသာ လျော့နည်းပါသည်။ ကျေးရွာလူဦးရေမှာ နို့စို့အရွယ်ကလေး (၁.၇%)၊ (၅) နှစ် အောက် ကလေးငယ် (၇.၆%)၊ မူလတန်း ကျောင်းသားအရွယ် (၉.၁%)၊ အလယ်တန်း ကျောင်းသား အရွယ် (၆.၉%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၆၉.၆%)နှင့် သက်ကြီးရွယ်ကြီး (၄.၈%) ဖြစ်ပါသည်။ သက်ကြီးရွယ်ကြီး ၄.၈ % ရှိခြင်းကို ကြည့်ခြင်းအားဖြင့် အသက်ရှည်စွာ နေထိုင်နိုင်သူ နည်းပါးသည်ကို တွေ့ရှိရပါသည်။

ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း (၃) ဖွဲ့ ရှိပါသည်။ ကျေးရွာသာယာရေးအဖွဲ့၊ ပရဟိတအဖွဲ့၊ ဓမ္မစကြံ်ာအဖွဲ့တို့ ဖြစ်ပါသည်။ ကျေးရွာသာယာရေးအဖွဲ့တွင် အဖွဲ့ဝင်နည်းပါးပြီး အမျိုးသားများဖြင့်သာ ဖွဲ့စည်းထားပါသည်။ ကျေးရွာသာယာရေး လုပ်ငန်းများ ဆောင်ရွက်သော်လည်း လုပ်ငန်းဆောင်ရွက်မှု အသင့်အတင့်သာ ရှိပါသည်။ ပရဟိတ အဖွဲ့တွင် ကျား၊မ ပေါင်းစုံပါဝင်ပြီး ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး ဘာသာရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ကောင်းမွန်ပါသည်။ ဓမ္မစကြံ်ာအဖွဲ့သည် အမျိုးသမီးများဖြင့်သာ ဖွဲ့စည်းထားပြီး ဘာသာရေးအဖွဲ့တစ်ဖွဲ့ ဖြစ်ပါသည်။ ပြင်ပအဖွဲ့အစည်းများမရှိပါ။

ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ စီးပွားဥစ္စာသတ်မှတ်ချက် အခြေအနေအား ဆန်းစစ်ရာ ဥစ္စာဓနအဆင့် (၁) တွင်အိမ်ထောင်စု (၃၀.၉%)၊ ဥစ္စာဓနအဆင့် (၂) တွင်အိမ်ထောင်စု (၄၁.၂%)၊ ဥစ္စာဓန အဆင့် (၃) တွင် အိမ်ထောင်စု (၁၅.၄%)၊ ဥစ္စာဓနအဆင့် (၄) တွင် အိမ်ထောင်စု (၁၂.၃%) ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့် ယက္ကန်း လုပ်ငန်းတို့အား တွဲဘက်လုပ်ကိုင်နိုင်ကြသော အိမ်ထောင်စုများ၊ စက်ယက္ကန်း ကိုယ်ပိုင်လုပ်ကိုင်နိုင် သော အိမ်ထောင်စုများမှာ အဆင်ပြေကြပါသည်။ လုပ်ငန်း (၂) မျိုး လုပ်ကိုင်သူ များသောကြောင့် အလွန်အဆင်မပြေသော အိမ်ထောင်စု နည်းပါးပါသည်။ ကျေးရွာတွင် ဆင်းရဲချမ်းသာကွာဟမှု နည်းပါး ပါသည်။

ကျေးရွာ၏ ဥစ္စာဓနအဆင့် ၃ နှင့် ၄ ၏ ၃၀% ဖြစ်သော အိမ်ထောင်စု ၁၆ ၏ စစ်တမ်းအရ ဝမ်းစာ ဖူလုံမှုသည် ၃ လမှ ၆ လကြား ဝမ်းစာဖူလုံသော အိမ်ထောင်စု (၆) စုနှင့် (၆) လ မှ (၁၂) လ အထိ ဝမ်းစာဖူလုံသော အိမ်ထောင်စု (၁၀) စုရှိပါသည်။ ဝမ်းစာမဖူလုံသော အိမ်ထောင်စုများသည်

ငွေချေးယူခြင်းဖြင့် ဖြေရှင်းကြပါသည်။ နေ့စားကျပန်းအလုပ်သမားများဖြစ်ပြီး အလုပ်အကိုင်ရှားပါးချိန်တွင် စားဝတ်နေရေးအတွက် ချေးယူရခြင်းဖြစ်ပါသည်။ မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အိုနှင့် မသန်းစွမ်းပုဂ္ဂိုလ်များမရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု ၁၄%၊ မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု ၉%နှင့် ကျေးရွာတွင် လုပ်ငန်းအဆင်မပြေ၍ အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်လုပ်ကိုင်နေရသော အိမ်ထောင်စု ၇% ခန့်ရှိပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ဒဟတ္ထောကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် ယက္ကန်းလုပ်ငန်းတို့ကို တွဲဖက် လုပ်ကိုင်ကြပါသည်။ အိမ်ထောင်စု (၃၈%) ခန့်မှာ စိုက်ပျိုးမြေ ပိုင်ဆိုင်ကြပြီး လယ်ယာ စိုက်ပျိုးရေးကို ကိုယ်ပိုင် လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် လယ်မြေထက် ယာမြေ ဧက ပိုများပါသည်။ လယ်မြေ (၂၆၄) ဧက၊ယာမြေ (၅၆၉) ဧက၊ စားကျက်မြေ (၁၀) ဧက၊ မြေလွတ်မြေလပ် (၂၀) ဧက၊ စုစုပေါင်း (၈၆၃) ဧကရှိပါသည်။ အပူပိုင်းမိုးနည်းဒေသဖြစ်၍ စားကျက်မြေနှင့် မြေလွတ်မြေလပ် တို့မှာ စိမ်းစိုမှု မရှိပါ။ စိုက်ပျိုးရေအဖြစ် မိုးရေကိုသာ အားထား စိုက်ပျိုးရပါသည်။ ၂၀၁၃ ခုနှစ်၊ လွှတ်တော် သိန်း (၁၀၀၀) ရန်ပုံငွေ ကျပ် (၇၃၀) သိန်းဖြင့် ဆောင်ရွက်ခဲ့သော ကျေးရွာ၏ တောင်ဘက်ရှိ သည်းကန်ဆည်သည် လယ်ဧက (၈၀) ခန့်ကို စိုက်ပျိုးရေ ပေးသွင်းနိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်ခန့်မှ စ၍ ဆည် ပျက်စီးနေသဖြင့် လယ်ဧကများတွင်းသို့ ရေမရရှိတော့ပါ။ ထို့ကြောင့် ယနေ့အချိန်ထိ မိုးရေကိုသာ အားထားစိုက်ပျိုးရပါသည်။

ကျေးရွာတွင် တောင်သူကြီး (၂၈) အိမ်၊ တောင်သူလတ် (၂၃) အိမ်၊တောင်သူငယ် (၁၆) အိမ်၊ ဆင်းရဲသားတောင်သူ (၇) အိမ်နှင့် မြေယာမဲ့ (၁၂၀) အိမ်ရှိပါသည်။ မြေယာမဲ့တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းတွင် ကျပန်းလုပ်ကိုင်ခြင်းနှင့် ယက္ကန်းလုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။

သီးနှံများအနေဖြင့် ဆီထွက်သီးနှံများ ဖြစ်သော နှမ်းနှင့် မြေပဲကို အဓိကထား စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေ လုံလောက်စွာ မရရှိ၍ မိုးရေကိုသာ အားထားရသောကြောင့် မိုးတွင်းကာလတွင်သာ သီးနှံများကို အားထား စိုက်ပျိုးကြပါသည်။ စပါး၊ နှမ်း၊ ကုလားပဲ၊ နေကြာနှင့် မြေပဲတို့ကို စိုက်ပျိုးကြပြီး မြေပဲသည် အမြတ်ရရှိမှု အများဆုံး ဖြစ်ပါသည်။ စပါးကို (၃၀) ဧက၊ နှမ်း (၈၀) ဧက ခန့်၊ ကုလားပဲ (၄၀) ဧက၊ နေကြာ (၃၀) နှင့် မြေပဲ (၆၀) ဧကခန့် စိုက်ပျိုးပါသည်။

စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာတွင် ရာသီဥတု သင့်တင့်မျှတခြင်း၊ လယ်ယာမြေများ ပိုင်ဆိုင်၍ အသုံးချနိုင်ခြင်း၊ ချေးငွေ လက်လှမ်းမီခြင်း၊ သီးနှံ မျိုးကောင်းမျိုးသန့်များ ဝယ်ယူနိုင်ခြင်း၊ သဘာဝမြေဩဇာနှင့် သွင်းအားစုများလွယ်ကူစွာ ရနိုင်ခြင်းတို့သည် စိုက်ပျိုးရေး လုပ်ကိုင်ရန် အခွင့်အလမ်းများ ဖြစ်ပါသည်။

သီးနှံထုတ်လုပ်မှုအတွက် အဓိက အခက်အခဲမှာ သီးနှံများကို လွယ်ကူစွာ ဈေးနှုန်း မှန်ကန်စွာဖြင့် မရောင်းချနိုင်ခြင်းပင် ဖြစ်ပါသည်။ ကိုယ်ပိုင်လုပ်ကိုင်သူ များသောကြောင့် လုပ်သား အင်အား ရှားပါးခြင်းနှင့် နည်းပညာ ဝန်ဆောင်မှုများ မရရှိခြင်းတို့ကြောင့် လုပ်ငန်းနှောင့်နှေးရပါသည်။ လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှုအနေဖြင့် ထွန်စက် (၁) စီး၊ လက်တွန်းထွန်စက် (၂) စီး၊ ရေစုပ်စက် (၂) စီးနှင့် ခြေနင်းရေတင်စက် (၉) စီး ရှိပြီး ထွန်စက်နှင့် လက်တွန်းထွန်စက် ငှားရမ်းလုပ်ကိုင်သော တောင်သူ (၅၀) ဦး ခန့် ရှိပါသည်။ တောင်သူအချို့မှာ မိရိုးဖလာအတိုင်း နွားလှည်းအသုံးပြု၍ ထွန်ယက် စိုက်ပျိုးကြပါသည်။

၄။ (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန် နွားမွေးမြူရေးကို တပိုင်တနိုင် မွေးမြူကြပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၅) ကောင်နှုန်းမွေးမြူကြပါသည်။ စားကျက်မြေ ရှိခြင်း ကြောင့် ဆိတ်မွေးမြူသူများလည်း ရှိပါသည်။ ကြက်နှင့် ဝက်ကိုလည်း တပိုင်တနိုင် မွေးမြူကြပါသည်။ နွားကို အိမ်ထောင်စု (၅၆) စု၊ နို့စားနွားကို အိမ်ထောင်စု (၃၀) စု၊ ဆိတ်ကို အိမ်ထောင်စု (၂) စု၊ သိုးကို အိမ်ထောင်စု (၁) စု၊ ဝက်ကို အိမ်ထောင်စု (၁၅) စုနှင့် ကြက်ကို အိမ်ထောင်စု (၆၀) ခန့်မှ မွေးမြူကြ ပါသည်။ မြင်းမွေးမြူသော အိမ်ထောင်စု (၁) စု ရှိပါသည်။ မွေးမြူရေးလုပ်ငန်းအတွက် တိရိစ္ဆာန် သောက်သုံးရေ အသင့်အတင့်ရနိုင်ခြင်း၊ အစာဆေးများ ဝယ်ယူနိုင် ခြင်း အိမ်ခြံဝင်းကျယ်ခြင်းများသည် အခွင့်အလမ်းကောင်းများ ဖြစ်ပါသည်။ မွေးမြူရေးလုပ်ငန်းအတွက် ဝန်ဆောင်မှုနှင့် နည်းပညာပံ့ပိုးမှု များ မရရှိခြင်း၊ ချေးငွေလွယ်ကူစွာမရခြင်း၊ မျိုးကောင်းမျိုးသန့်များ လက်လှမ်းမမှီခြင်းနှင့် စားကျက်မြေ အတွက် သစ်တောစိုက်ခင်းများ ရှိခြင်းနှင့် လယ်ယာမြေများရှိသဖြင့် စားကျက်မြေ နည်းပါးခြင်း တို့သည် ရင်ဆိုင်ဖြေရှင်းရမည့် အဟန့်အတားများ ဖြစ်ပါသည်။

၄။ (ဂ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် ယက္ကန်း လုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ လျှပ်စစ်မီး ရရှိပြီ ဖြစ်သောကြောင့် စက်ယက္ကန်း ပိုင်ဆိုင် သော

အိမ်ထောင်စု (၃၂) စုရှိပြီး ကိုယ်ပိုင် ယက်လုပ်ကြပါသည်။ ဝမ်းတွင်းမြို့နယ်၊ လျှော်ပင်ကျေးရွာသို့ သွားရောက်၍ ယက္ကန်း လုပ်ကိုင်သော နေ့စားလုပ်သားများလည်း ရှိပါသည်။ ကျေးရွာအိမ်ထောင်စု (၉၀%) ခန့်သည် ယက္ကန်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ ထို့ပြင် ပန်းရံ လုပ်ကိုင်သော အိမ်ထောင်စု (၅) စုခန့် ရှိပါသည်။

၄။ (ဃ) ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမချေးငွေရယူသူများ ရှိပါသည်။ လယ်ယာမြေ ပိုင်ဆိုင်သော တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူကြပါသည်။ သမဝါယမချေးငွေယူဆောင်သူများလည်းရှိပါသည်။

၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး ရေစီးမြောင်းများ စနစ်တကျ ဖောက်လုပ် ထားခြင်း မရှိသောကြောင့် မိုးများသောကာလတွင် မိုးရေစီးများကြောင့်လည်းကောင်း၊ အိမ်ပိုင်းမှ ရေဆိုးရေညစ်များ လမ်းပေါ်သို့ တိုက်စား စီးမျှော၍ လည်းကောင်း လမ်းမကြီးများ ပျက်စီးရပါသည်။ ပြေပြစ်သော လမ်းမှာ အနည်းငယ်သာ ရှိပါသည်။ ကျေးရွာ၏ စုပေါင်းအင်အားတစ်ရပ်ဖြင့် ပိုင်းဝန်းထိန်းသိမ်း ပြုပြင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ကျေးရွာမှ အဓိကလုပ်ငန်း ယက္ကန်းလုပ်ငန်း ဆောင်ရွက်ရာ လျှော်ပင်ကျေးရွာသို့ သွားသောလမ်း (၂) မိုင် (၄) ဖာလုံမှာ မြေသားလမ်းဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ယာဉ်၊ စက်ယန္တရား ပံ့ပိုးမှုနှင့်အတူ ကျေးရွာနေ အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေကျပ် (၅၈) သိန်း ထည့်ဝင်မှုဖြင့် ၂၀၁၇ ခုနှစ်တွင် ဆောင်ရွက်ခဲ့ပါသည်။ မြေသားလမ်းဖြစ်သောကြောင့် မိုးတွင်းကာလတွင် သွားလာရခက်ခဲပြီး အဆင့်မြှင့်တင် ဆောင်ရွက်ရန် လိုအပ်ပါသည်။

ပညာရေး၊ ကျန်းမာရေး အတွက် အဓိက အားထားရသော ဒဟတ္ထောဟံဇား ကျေးရွာချင်းဆက်လမ်းမှာ **၂၀၁၄ ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်ခဲ့သော** ကျောက်ခင်းလမ်း **ဖြစ်ပါသည်။ ကျောက်ခင်းလမ်း** ဖြစ်သော်လည်း မိုးရာသီတွင် သွားလာရ ခက်ပါသည်။ အဆိုပါ လမ်းတွင် ဆောင်ရွက်ထားသော ရေကျော် (၂) ခုသည် ရေတိုက်စားမှုများသောကြောင့် ရေနှင့်ပါ၍ ပျက်စီးနေပါသည်။ ပြန်လည်ပြုပြင်ရန် အထူးလိုအပ်ပါသည်။ အဆိုပါ လမ်းပေါ် ရေကျော်တည်ဆောက်ရာ နေရာဘေးတွင် ကျောင်းသား/ သူများ ဖြတ်သန်းသွားလာရ လွယ်ကူစေရန် ကွန်ကရစ်တံတား (**လျှောက်လမ်း**) (၁) စင်းရှိပါသည်။

ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ဆိုင်ကယ်ကို အသုံးပြုမှုများပြီး မော်တော်ဆိုင်ကယ် (၁၉၈) စီး၊ သုံးဘီးဆိုင်ကယ် (၂)စီး၊ ထော်လာကျီ (၂) စီးရှိပါသည်။ စက်ဘီး (၁၅)စီး ရှိပြီး ကျောင်းသား/ သူများ ကျောင်းတက်ရန် အသုံးပြုကြပါသည်။ နွားလှည်း (၆၃) စီး ရှိပြီး လယ်ယာ လုပ်ငန်းခွင်တွင် အသုံးပြုကြပါသည်။

၅။ (ခ) ကျေးရွာမီးလင်းရေး

ဒဟတ္ထောကျေးရွာတွင် ၂၀၁၄ ခုနှစ်မှစတင်၍ 33 kV ဓါတ်အားလိုင်းအား ကျေးရွာ ပြည်သူထည့်ဝင်ငွေ ကျပ် (၅၃၆၇၅၀၀/-) ဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ လျှပ်စစ်မီးရရှိသဖြင့် ကျေးရွာ၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်သော စက်ယက္ကန်းလုပ်ငန်းများအား တွင်ကျယ်စွာ လုပ်ကိုင်လာနိုင်ပါသည်။

၅။ (ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင် မိုဘိုင်းတယ်လီဖုန်းလိုင်းများ၊ ရေဒီယိုလိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ဂြိုလ်တု စလောင်းလိုင်းများအား ဖမ်းယူရရှိပါသည်။ အင်တာနက်လိုင်းလည်း ရရှိ၍ ဆိုရှယ်မီဒီယာမှလည်း သတင်း အချက်အလက်များ ရယူပါသည်။ အိမ်ထောင်စု (၉၀%) မှ မိုဘိုင်းဖုန်းအသုံးပြုနိုင်ကြပြီး ဖုန်း (၁၀၇) ခု ရှိပါသည်။ ဖျော်ဖြေရေးနှင့် သတင်းအချက်အလက်အချို့ကို ရေဒီယိုနားထောင်ခြင်းနှင့် အခမဲ့ ရုပ်သံလိုင်းများ၊ ဂြိုလ်တုစလောင်းကြည့်ခြင်းဖြင့် နားချိန်ယူကြပါသည်။ ရေဒီယို (၂၀) ခု၊ တီဗွီ (၈၂) ခု၊ စလောင်း (၄၀) ခုရှိပါသည်။ ကျေးရွာတွင် ဘေးကင်းလုံခြုံရေး ဝန်ဆောင်မှု အထောက်အကူများမရှိပါ။ သတင်းအချက်အလက် ဖြန့်ဝေခြင်းဆိုင်ရာ မိုဘိုင်းဖုန်းလိုင်းများ၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြား လိုင်း၊ ရေဒီယိုလိုင်းများ ဖမ်းယူအသုံး၍ ရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးသုံးစွဲမှု၊ အကြမ်းဖက်မှုများ မရှိပါ။

၆။ ပညာရေး

ကျေးရွာလူဦးရေ၏ ကျေးရွာတွင် စာမတတ်သူဦးရေ မရှိသလောက်နည်းပါသည်။ စာတတ်မြောက်မှုနှုန်း အနေဖြင့် ကျောင်းနေအရွယ် လူဦးရေ၏ ၇၆.၅ % ခန့်သည် မူလတန်းအဆင့် ရှိပြီး အလယ်တန်း အဆင့်ရှိသူ ၁၃.၄%၊ အထက်တန်းအဆင့်ရှိသူ ၂.၇% နှင့် တက္ကသိုလ်၊ ကောလိပ် အဆင့်ရှိသူ ၁.၅% ရှိပါသည်။ စာမတတ်သူမှာ ကျား (၂) ဦး၊ မ (၃) ဦး ရှိပါသည်။ ရှေးယခင် လူကြီးများသည် ပညာရေးကို အားမပေးသောကြောင့် မူလတန်းအဆင့်နှင့် ကျောင်းထွက်၍ လုပ်ငန်း ခွင် ဝင်ကြရပါသည်။ ယခုချိန်တွင် ပညာရေးကို အားပေးလာပြီး တက္ကသိုယ်၊ ကောလိပ်တက်ရောက်နိုင် သည်ထိ ကျောင်းထားပေးသည်ကို တွေ့ရပါသည်။

မူလတန်းပညာ ကျောင်းထွက်နှုန်းမရှိပါ။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်ကြပါသည်။ ကျောင်းတက်နှုန်းအနေဖြင့် မူလတန်းတွင် ၉၀ ဦး၊ အလယ်တန်းတွင် ၄၇ ဦး၊ အထက်တန်းတွင် ၃ ဦး ၊တက္ကသိုလ်/ ကောလိပ်တွင် ၅ ဦး တက်ရောက်လျက်ရှိပါသည်။

ကျေးရွာတွင် အခြေခံပညာမူလတန်းရှိပါသည်။ ကျောင်းတွင် ကျောင်းဆောင် (၂) ဆောင် ရှိပါသည်။ (၁) ဆောင်မှာ စာသင်ခန်း အခန်း (၂) ခန်း ရှိပြီး ၂၀၁၈ ခုနှစ်တွင် နိုင်ငံတော်ရန်ပုံငွေဖြင့် တည်ဆောက်ထားသော Steel Structure အဆောက်အအုံ ဖြစ်ပါသည်။ ကျန် (၁) ဆောင်မှာ အုတ်တက် အဆောက်အအုံဖြစ်ပါသည်။ ကျောင်းဆောင် (၂) ဆောင်သာ ရှိသောကြောင့် ကျောင်းဆောင် မလုံလောက်ပါ။ ကျောင်းပရိဘောဂနှင့် ကျောင်းအိမ်သာများလည်း ပြည့်စုံမှုမရှိ၊ လိုအပ်ပါသည်။

အလယ်တန်းနှင့် အထက်တန်းကို ကျေးရွာမှ (၃) မိုင်ခန့် ဝေးသော ဟံဇားကျေးရွာသို့ သွားရောက် တက်ရောက်ကြပါသည်။

ကျေးရွာ၏ မူလတန်းကျောင်းတွင် ကျောင်းဆရာ/မလုံလောက်မှုရှိပါသည်။ ကျောင်းအားကစား ဆိုင်ရာပစ္စည်းများ မရှိပါ။ မိဘဆရာအသင်းမှာ ကျောင်းပညာရေးနှင့် ဖွံ့ဖြိုးရေးများတွင် ပါဝင်ပါသည်။

ကျေးရွာလူငယ်များသည် ဘာသာရေး၊ သာရေးနာရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုများပြီး လူမှုရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု နည်းပါသည်။ ပျော်ပွဲရွှင်ပွဲနေရာသီးသန့် မရှိပါ။ တစ်နှစ်တစ်ခါ ကျေးရွာ ဘုရားပွဲသာ ရှိပါသည်။ အားကစားအားဖြင့် လူငယ်ယောကျ်ားလေးများ ဘောလုံးကစားရခြင်းကို နှစ်သက်ကစားကြပြီး ဘောလုံးကစားကွင်း သီးသန့် မရှိပါ။ လူငယ်များ အားကစား လေ့ကျင့် ကစားနိုင်ရန် ကစားကွင်းသီးသန့်တည်ထောင်ရန် လိုအပ်ပါသည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိပြီး လူငယ်အချို့မှာ စာပေစိတ်ဝင်စားကြပါသည်။ ကျေးရွာစာကြည့်တိုက်အား နိုင်ငံတော် ရန်ပုံငွေကျပ် (၁၀) သိန်း နှင့် ပြည်သူထည့်ဝင်ငွေ ပူးပေါင်း၍ ဆောင်ရွက်ထား ပါသည်။

၇။ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာနှင့် (၂) မိုင် (၅) ဖာလုံ ခန့်တွင် ဟံဇားတိုက်နယ်ဆေးရုံ နှင့် (၂) မိုင် (၇) ဖာလုံ ခန့်တွင် ဟံဇား ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန တို့ရှိပြီး ဆေးကုသမှု လက်လှမ်းမီပါသည်။ ကျေးလက်ကျန်းမာရေးဌာနမှ ကာကွယ်ဆေးပုံမှန်ထိုးနှံပေးပါသည်။ သာမန်ဖျားနာလူနာများ၊ ကိုယ်ဝန်ဆောင် မိခင်များအတွက် ကျန်းမာရေးကုသရန် အဆင်ပြေပါသည်။ ကျေးရွာတွင်ရာသီအလိုက် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေးရောဂါများကို မိုးရာသီတွင် ကလေးများ၌ အနည်းငယ်ဖြစ်ပွားတတ်ပါသည်။ ဆီးချိုရောဂါ၊ သွေးတိုးရောဂါများမှာ သက်ကြီးရွယ်အိုအချို့တွင်

ဖြစ်ပွားပါသည်။

ကျေးရွာမှာ ရေတွင်း ၁၄ တွင်း၊ အဝီစိတွင်း စက်တပ် (၂၇) တွင်းနှင့် မိုးရေလှောင်ကန် (၇) ခု ဖြင့် သုံးစွဲကြပါသည်။ ကျေးရွာအိမ်ထောင်စု (၁၉၄) သည် အဝီစိတွင်း စက်တပ်မှ ရယူသုံးစွဲကြပြီး ရေ လုံလောက်ပါသည်။ တွင်းများသည် ရေငန်များသာရရှိပါသည်။ ရေချိုရရှိသော တွင်းမှာ (၁) တွင်း သာ ရှိပါသည်။သောက်သုံးရေအတွက် အဆိုပါ တွင်းမှ ရယူသုံးစွဲကြပါသည်။

ကျေးရွာအိမ်ထောင်စု အများစုမှာ ယင်လုံအိမ်သာကို သုံးစွဲကြပါသည်။ ကျေးရွာ အိမ်ထောင်စု၏ (၁၅%) ခန့်သည် ယင်လုံအိမ်သာ မသုံးစွဲကြပါ။ ကျန်းမာရေး ဗဟုသုတ ကျယ်ကျယ် ပြန့်ပြန့် သိရှိစေရေး ဝိုင်းဝန်း နှိုးဆော်ပေးရန် လိုအပ်ပါသည်။

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်ကြပြီး သဘာဝဓါတ်မြေဩဇာထက် ဓါတုဓါတ်မြေဩဇာ ကိုအသုံးများသောကြောင့် မြေဆီဩဇာပျက်ဆီးမှု အနည်းငယ်ရှိပါသည်။ ဖျက်ပိုးများကျရောက်လေ့ ရှိပြီး နည်းပညာဗဟုသုတနည်းပါးသောကြောင့် ထိထိရောက်ရောက်မကာကွယ်နိုင်ပါ။ ကျေးရွာ စွန့်ပစ် အမှိုက်များကို ရွာအပြင် မြေကွက်လပ်တွင် ကိုယ်ထူကိုယ်ထ စွန့်ပစ်မီးရှို့ကြပါသည်။ စနစ်တကျ မဖြစ်သည့်အတွက် မီးဘေးအန္တရာယ် အနည်းငယ်စိုးရိမ်ရပါသည်။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ်များ စီမံခန့်ခွဲမှုအတွက် အလေ့အကျင့်ကောင်းများ စီမံဆောင်ရွက်မှုမရှိသေးပါ။ အသိပညာ ဗဟုသုတများ လိုအပ်ပါသည်။

၉။ ကျား–မရေးရာ

ကျေးရွာတွင် အမျိုးသမီးများအား အမျိုးသားများနည်းတူ တန်းတူအခွင့်အရေး ပေးထား သော်လည်း အမျိုးသမီးများသည် ဓလေ့ထုံးတမ်းအစဉ်အလာများအရ အိမ်မှုကိစ္စများဖြင့်သာ အချိန် ကုန် တတ်ကြပါသည်။ သို့သော် ကျေးရွာရှိအုပ်ချုပ်မှုဆိုင်ရာများတွင် မပါဝင်ကြသော်လည်း ဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင်း အမျိုးသမီး အကြမ်းဖက်မှု ဆိုင်ရာ တိုင်ကြားမှုများ မရှိပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှု ဆိုင်ရာ များအတွက် ကျေးရွာသူ/ သားများမှ မသိရှိပါ။ အသိပညာ ဗဟုသုတ နည်းပါးပါသည်။ အမျိုးသမီးဘဝ လုံခြုံစိတ်ချရမှု အပြည့်အဝရှိပါသည်။

လုပ်အားခများအနေဖြင့်အမျိုးသားနှင့် အမျိုးသမီးတို့၏ တစ်နေ့လုပ်အားခမှာ လုပ်ငန်း အမျိုးအစားပေါ် မူတည်၍ အနည်းအများ ကွာဟရခြင်း ဖြစ်ပါသည်။ ပညာသင်ကြားမှုတွင် ရှေးယခင်က အမျိုးသမီးများ မူလတန်းပညာဖြင့် ကျောင်းထွက်မှုများပြီး ယခုအခါ အမျိုးသား၊ အမျိုးသမီး မခွဲခြားဘဲ ပညာရေးကိုအားပေးကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့် စီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ကျေးရွာ၏ ဦးစားပေးဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများသည် ဆိုးဝါးသော သဘာဝဘေးအန္တရာယ် ကျရောက်မှုမှလွဲ၍ ပြောင်းလဲခြင်းမရှိနိုင်ပေ။ သို့သော်ဒေသတွင်းဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များအရ အရေးကြီး ပြုပြင်ပြောင်းလဲသင့်သောအရာများတွင် ထပ်တိုးစီမံကိန်းများ ထပ်မံထည့်ဝင်သွားမည် ဖြစ်ပါသည်။ ဦးစားပေးဆောင်ရွက်မည့် စီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

သာစည်မြို့နယ်၊ ဝမ်းသာ ကျေးရွာအုပ်စု၊ ဒဟတ္တော ကျေးရွာ၏ ဦးစားပေး ဆောင်ရွက်မည့် စီမံချက်များ

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၁	Â				
၂	ကျေးရွာအားကစား မြေနေရာ ဝယ်ယူခြင်း	၂		Â			
၃	ဒဟတ္တော–လျှော်ပင် ကျေးရွာချင်းဆက်လမ်းအား ကျောက်ခဲလမ်း အဖြစ် အဆင့်မြှင့်တင်ခြင်း	၃			Â		
၄	ဒဟတ္တော–ဟံဇား ကျေးရွာချင်းဆက်လမ်းပေါ်မှ ရေကျော်အား ပြန်လည် တည်ဆောက်ရန်	၄				Â	
၅	ကွင်းအမှတ် ၁၆၃၅ နှင့် ၁၆၃၄ ကွင်းသို့ ကုန်ထုတ်လမ်း ဖောက်ရန်	၅					Â
၆	ကျေးလက်ဆေးပေးခန်း တည်ဆောက်ရန်	၆				Â	
၇	ကျေးရွာ လူမှု ကူညီရေးကား ဝယ်ယူတည်ထောင်ရန်	၇		Â			

သာစည်မြို့နယ်၊ ဝမ်းသာ ကျေးရွာအုပ်စု၊ ဒဟတ္ထော ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမြသန်း	ဦးခွေး	၉/ သစန (နိုင်) ၀၁၆၄၁၂	၅၉	ဥက္ကဋ္ဌ	၀၉-၉၅၇၂၀၄၅၄၄
၂	ဦးနိုင်လင်း	ဦးကျော်သိန်း	၉/ သစန (နိုင်) ၁၀၃၉၃၆	၃၅	အတွင်းရေးမှူး	၀၉-၄၂၇၆၀၁၀၅၆
၃	ဦးစိုးဝင်း	ဦးပေါက်ကြီး	၉/ သစန (နိုင်) ၀၁၆၁၇၂	၅၁	ဘဏ္ဍာရေးမှူး	၀၉-၇၉၁၉၂၅၄၅၉
၄	ဒေါ်အေးမာ	ဦးအောင်စိန်	၉/ သစန (နိုင်) ၁၂၈၂၄၉	၃၃	စာရင်းကိုင် (၁)	၀၉-၇၈၄၇၈၉၁၈၄
၅	ဒေါ်သီတာလွင်	ဦးညွန့်လွင်	၉/ သစန (နိုင်) ၁၇၇၇၁၅	၂၆	စာရင်းကိုင် (၂)	၀၉-၉၅၁၇၀၆၉၅၁
၆	ဦးဆန်းလှိုင်	ဦးပေါမောင်	၉/ သစန (နိုင်) ၀၁၆၈၁၇	၄၇	သော့ကိုင် (၁)	၀၉-၃၃၅၂၄၉၁၅
၇	ဒေါ်မေရီ	ဦးသာပို	၉/ သစန (နိုင်) ၁၀၃၉၄၃	၄၂	သော့ကိုင် (၂)	-
၈	ဦးမြင့်ဦး	ဦးတင်အောင်	၉/ သစန (နိုင်) ၀၁၆၀၇၇	၄၇	အဖွဲ့ဝင်	-
၉	ဦးစောထွန်းနိုင်	ဦးကြာလှိုင်	၉/ သစန (နိုင်) ၁၀၄၁၁၂	၄၄	အဖွဲ့ဝင်	၀၉-၇၉၀၈၀၆၀၀၁
၁၀	ဦးအောင်ပိုင်	ဦးခင်မောင်တင့်	ပျောက်ဆုံး/ လျှောက်ထားဆဲ	၂၂	အဖွဲ့ဝင်	၀၉-၇၇၁၇၁၆၁၉၁
၁၁	ဦးဝင်းမြင့်	ဦးညိုလှ	၉/ သစန (နိုင်) ၀၁၉၅၃၃	၅၉	အဖွဲ့ဝင်	၀၉-၇၇၉၆၇၅၇၇၀

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		**ကျား**	**မ**	**စုစုပေါင်း**
၁ နှစ် အောက်	နို့စို့အရွယ်	၄	၁၃	၁၇
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၃၂	၄၁	၇၃
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၃၇	၅၀	၈၇
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၈	၃၉	၆၇
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၁၁	၃၅၈	၆၆၉
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၂၅	၂၂	၄၇
စုစုပေါင်း		၄၃၇	၅၂၃	၉၆၀
စုစုပေါင်း အိမ်ထောင်စု		၂၁၄		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁ နှစ် မှ ၄နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာလူဦးရေမှာ နို့စို့အရွယ်ကလေး (၁.၇%)၊ (၅) နှစ်အောက် ကလေးငယ် (၇.၆%)၊ မူလတန်းကျောင်းသားအရွယ် (၉.၁%)၊ အလယ်တန်းကျောင်းသားအရွယ် (၆.၉%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၆၉.၆%)နှင့် သက်ကြီးရွယ်ကြီး (၄.၈%) ရှိပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅၆	၅၀	၀	မြင့် ☐ လတ်☑ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၁၁၄	၁၂၀	၂၀၀	မြင့်☐ လတ်☐ နိမ့်☑
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၆၀	၆၀	၁၀၀	မြင့်☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၃၂	၉၆	၅၆	မြင့် ☐လတ် ☑နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၃၈၀	မြင့် ☐လတ် ☑နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၀	၀	မြင့် ☐လတ် ☑နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၅	၀	၀	မြင့် ☐လတ် ☑နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၅	မြင့် ☐လတ် ☑နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၀	၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အဓိကစီးပွားရေးမှာ ချည်ထည်ယက်လုပ်သော ယက္ကန်းလုပ်ငန်းနှင့် တောင်သူလုပ်ငန်းအား တွဲဖက်လုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

စဉ်	အလုပ်အကိုင်	ရေတွက် ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၆၀၀၀	၀	၅၀၀၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက် ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ နေ့စားလုပ်အားခများအနေဖြင့် အမျိုးသားများသည် အမျိုးသမီးများထက် ပို၍ လုပ်အားခ များပါသည်။ အမျိုးသားများသည် ခွန်အားအသုံးပြုရသော လုပ်ငန်းများကို လုပ်ကိုင်ရသောကြောင့် လုပ်အားခ ပိုရခြင်းဖြစ်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)		
လယ်မြေ	၂၆၄.၀၀	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၅၆၉.၀၀	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ ကျွန်းမြေ	၀.၀၀	ကောင်း ☐	သင့်☐	ညံ့ ☐
ခနီတောမြေ	၀.၀၀	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	၁၀.၀၀	ကောင်း ☐	သင့်☐	ညံ့ ☑
မြေလွတ်မြေလပ်	၂၀.၀၀	ကောင်း ☐	သင့်☐	ညံ့ ☑

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
စုစုပေါင်း	၈၆၃	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စိုက်ပျိုးမြေမှာ လယ်မြေထက် ယာမြေပိုများပါသည်။ စားကျက်မြေနှင့် မြေလွတ်မြေလပ်များ အနည်းငယ်ရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်သာ ကောင်းမွန်ပါသည်။ အပူပိုင်းမိုးနည်းဒေသဖြစ်၍ စားကျက်မြေနှင့်မြေလွတ်မြေလပ်တို့မှာ စိမ်းစိုမှု မရှိပါ။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)				အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ☐	သင့်☐	နည်း☐	မရှိ☑	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ☑	သင့်☐	နည်း☐	မရှိ☐	လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐	သင့်☑	နည်း☐	မရှိ☐	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ☐	သင့်☐	နည်း☑	မရှိ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ တောင်ဘက်တွင် ရေချောင်းရှိပြီး ကျောက်၊ သဲ၊ ကျောက်စရစ်များ ပေါများစွာ ထွက်ရှိပြီး လွယ်ကူစွာ အသုံးချနိုင်ပါသည်။ အရိပ်ရပင်များဖြစ်သော တမာ၊ မန်ကျည်း၊ ထနောင်းပင်များနှင့် ကန္တာရပင်များပေါက်ရောက်ပါသည်။ စာကလေး၊ ဆက်ရက်၊ ခို စသည့် ငှက်အမျိုးမျိုးအပြင် မြွေ၊ တောက်တဲ့နှင့် အခြားတိရစ္ဆာန်မျိုးစိတ်အနည်းငယ်ကို တွေ့ရပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၆၀	၈၀	၃၀	၂၄

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့် ယက္ကန်းလုပ်ငန်းတို့အား တွဲဘက်လုပ်ကိုင်နိုင်ကြသော အိမ်ထောင်စုများ၊ စက်ယက္ကန်း ကိုယ်ပိုင်လုပ်ကိုင်နိုင်သောအိမ်ထောင်စုများမှာ အဆင်ပြေကြပါသည်။ လုပ်ငန်း (၂) မျိုးလုပ်ကိုင်သူ များသောကြောင့် အလွန်အဆင်မပြေသော အိမ်ထောင်စု နည်းပါးပါသည်။ ကျေးရွာတွင် ဆင်းရဲချမ်းသာကွာဟမှု နည်းပါးပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

(ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကို ဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်၆လကြားဝမ်းစာဖူလုံမှု	၆	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၆ လုပ်အားခကြိုယူ = ၀
၆လမှ၁၂လအထိဝမ်းစာဖူလုံမှု	၁၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၁၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဝမ်းစာမဖူလုံသော အိမ်ထောင်စုများသည် ငွေချေးယူခြင်းဖြင့် ဖြေရှင်းကြပါသည်။ နေ့စားကျပန်းအလုပ်သမားများဖြစ်ပြီး အလုပ်အကိုင်ရှားပါးချိန်တွင် စားဝတ်နေရေးအတွက် ချေးယူရခြင်းဖြစ်ပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၃၀		

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၂၀		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	၁၅		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အိုနှင့် မသန်းစွမ်းပုဂ္ဂိုလ်များမရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု ၁၄%၊ မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု ၉%နှင့် ကျေးရွာတွင် လုပ်ငန်းအဆင်မပြေ၍ အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်လုပ်ကိုင်နေရသော အိမ်ထောင်စု ၇% ခန့်ရှိပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)			
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေဓိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☐
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☐
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☐
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☐

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးလုပ်ငန်းတွင် စိုက်ပျိုးရေရှားပါးပြီး မိုးရေကိုသာ အားထားရသောကြောင့် သီးနှံမဖြစ်ထွန်း၍ ဆင်းရဲသားတောင်သူများ ထိခိုက်မှု အနည်းငယ် ရှိပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)			
၁	လူငယ်	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်☐	လတ်☐	နိမ့်☑	မရှိ☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်☐	လတ်☐	နိမ့်☑	မရှိ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)			
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၁၁	လူနည်းစုလူမျိုးများ	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၁၂	ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၁၄	ရွှေတွင်းလုပ်သားများ	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၁၅	ဆေးစွဲသူများ	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၁၈	နေရပ်ပြန်အခြေချသူများ	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့်☐	လတ်☐	နိမ့်☐	မရှိ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လက်လုပ်လက်စားများ၊ အမျိုးသမီးဦးဆောင်သော ဆင်းရဲသား အိမ်ထောင်စုများသည် အလုပ်အကိုင်ရှားပါးခြိန်တွင် ဝင်ငွေ အနည်းငယ် ထိခိုက်ပါသည်။ မြေယာမဲ့ ဆင်းရဲသားတောင်သူများအနေဖြင့် သီးနှံအရှုံးပေါ်လျှင် ဝင်ငွေထိခိုက်ပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျေးရွာသာယာရေးအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၁၀	၀	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ပရဟိတအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၂၀	၁၀	၃၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☑ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၃	ဓမ္မာစကြံာအဖွဲ့	၁ ☑ ၂ ☐ ၃ ☐	၀	၀	၀	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၄		၁ ☐ ၂ ☐ ၃ ☐				ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား (၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း (၃) ဖွဲ့ ရှိပါသည်။ ကျေးရွာသာယာရေးအဖွဲ့၊ ပရဟိတအဖွဲ့၊ ဓမ္မစကြာအဖွဲ့တို့ ဖြစ်ပါသည်။ ကျေးရွာသာယာရေးအဖွဲ့တွင် အဖွဲ့ဝင်နည်းပါးပြီး အမျိုးသားများဖြင့်သာဖွဲ့စည်းထားပါသည်။ ကျေးရွာသာယာရေးလုပ်ငန်းများ ဆောင်ရွက်သော်လည်း လုပ်ငန်းဆောင်ရွက်မှု အသင့်အတင့်သာရှိပါသည်။ ပရဟိတ အဖွဲ့တွင် ကျား၊ မ ပေါင်းစုံပါဝင်ပြီး ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး ဘာသာရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ကောင်းမွန်ပါသည်။

(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁ □ ၂ □ ၃ □ ၄ □၅ □ ၆ □ ၇ □	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂		၁ □ ၂ □ ၃ □ ၄ □၅ □ ၆ □ ၇ □	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃		၁ □၂ □ ၃ □ ၄ □၅ □ ၆ □ ၇ □	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊

အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၂၀	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၇	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၆	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၂၃	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၂၈	တောင်သူကြီး
ကျေးရွာရှိ အိမ်ထောင်စုစုစုပေါင်း		၁၉၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအိမ်ထောင်စု၏ (၃၈%) ခန့်သည် မြေယာပိုင်ဆိုင်ကြပြီး မြေယာမဲ့များမှာ စိုက်ပျိုးရေးလုပ်ငန်းတွင် ကျပန်းလုပ်ကိုင်ကြပြီး၊ ယက္ကန်းလုပ်ငန်းနှင့်တွဲဘက်လုပ်ကိုင်ကြပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၆	လက်ဝင်ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ကိုင်ကြသော်လည်း စိုက်ပျိုးရေ အခက်အခဲရှိပါသည်။ မိုးရေကိုသာ

အားထားစိုက်ပျိုးရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	မှ	ထိ		
စပါး	၃၀	တင်း	၅	၂၀	၁၂.၅	ဇွန်	အောက်တိုဘာ	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☑ နိမ့်☐
နှမ်း	၈၀	တင်း	၁	၅	၃	မေ	ဇူလိုင်	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☑ နိမ့်☐
ကုလားပဲ	၄၀	တင်း	၅	၇	၆	မေ	ဇူလိုင်	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☑ နိမ့်☐
မြေပဲ	၆၀	တင်း	၅	၈	၆.၅	ဧနီနဝါရီ	မတ်	မြင့်☑ လတ်☐ နိမ့်☐	မြင့်☑ လတ်☐ နိမ့်☐

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ရာသီဥတုမမှန်ခြင်း၊ သီးနှံဖျက်ပိုးကျရောက်ခြင်းများကြောင့် သီးနှံထွက်နှုန်းနည်းပြီး အမြတ်နည်းပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	၄ားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၁	၀	၀	၃၀
လက်တွန်းထွန်စက်	၂	၀	၀	၃၅
အစေ့ချကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၀	၀	၀	၀

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ရေစုပ်စက်	၂	၀	၀	၀
ခြေနင်းရေတင်စက်	၉	၀	၀	၀
မြက်ရိတ်စက်	၀	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ထွန်စက် ပိုင်ဆိုင်သော တောင်သူ (၁) ဦးနှင့် လက်တွန်းထွန်စက် ပိုင်ဆိုင်သော တောင်သူ (၂) ဦး ရှိပါသည်။ တောင်သူများမှ ပြန်လည် ငှားရမ်း သုံးစွဲကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁စကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ☐ မဖြေဆိုပါ☑
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☑ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ☑
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ☑
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐

လေ့လာတွေ့ရှိချက်။ ။ သီးနှံ စိုက်ပျိုးရန် သဘာဝ ရေမြေရာသီဥတုမှ သင့်တင့်မျှတပါသည်။ လယ်မြေ/ ယာမြေများရှိပြီး စိုက်ပျိုးနိုင်သော မြေများဖြစ်ပါသည်။ စိုက်ပျိုးရေးချေးငွေ၊ သီးနှံမျိုးစေ့၊ သဘာဝမြေဆွေး၊ ဓါတုပိုးသတ်ဆေးများ လက်လှမ်းမီပါသည်။ သီးနှံများအား ရောင်းချနိုင်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐ မဖြေဆိုပါ☑
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐ လယ်ယာမြေဆုံးရှုံးမှုများသည်☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မြေများ ရှိသည်☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☑
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်☐ လုံးဝမရ☑ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☐ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐ မဖြေဆိုပါ☑
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☑ အနည်းငယ်☐ မဖြေဆိုပါ☐

လေ့လာတွေ့ရှိချက်။ ။ သီးနှံဖြစ်ထွန်းရန် စိုက်ပျိုးရေ ခက်ခဲပါသည်။ မိုးရေကိုသာ အားထားရပါသည်။ ယက္ကန်းလုပ်ငန်း လုပ်ကိုင်သူများသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် လုပ်သား အလွယ်တကူ မရပါ။ ဖျက်ပိုးများ အသင့်အတင့်ကျသောကြောင့် ဓါတု ပိုးသတ်ဆေး အသုံးပြုကြပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၅၆	၃၁၀
နို့စားနွား	၃၀	၉၂
ကျွဲ	၀	၀
မြင်း	၁	၂
မြည်း	၀	၀
လား	၀	၀
ဆိတ်	၂	၆၀
သိုး	၁	၃၀
ဝက်	၁၅	၃၆
ကြက်	၆၀	၈၅၆
ဘဲ	၃	၉
နွားနောက်	၀	၀
ငါးလုပ်ငန်း		
ငါးကန်	၀	၀
ပုဇွန်ကန်	၀	၀
ဂဏန်းမွေးမြူရေးလုပ်ငန်း	၀	၀
ရေချိုငါးဖမ်းလုပ်ငန်း	၀	၀
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန် နွားနှင့် နို့စားနွားများကို တပိုင်တနိုင် မွေးမြူကြပါသည်။ ကြက်၊ ဝက်၊ ဆိတ် ကိုလည်း စီးပွားဖြစ်မဟုတ်ဘဲ တပိုင်တနိုင်သာ မွေးမြူကြပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

